# ပြည်သူလူထု၏ တိုင်းရင်းဆေးပညာနှင့်ပတ်သက်သော ဗဟုသုတ၊ သဘောထားနှင့် ယုံကြည်လက်ခံသုံးစွဲမှုကို ဆန်းစပ်လေ့လာခြင်း

တင်ညွန့် [၁]၊ အောင်မြင့် [၂]၊ စိန်ဝင်း [၁]၊ အောင်မြတ်ကျော် [၁]၊ ဝင်းမြင့် [၁]၊ လွင်ကို [၂]၊ ဝထွန်း [၂]

[၁]တိုင်းရင်းဆေးပညာဦးစီးဌာန (နေပြည်တော်)

[၂]တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)

ပြည်သူလူထု၏ တိုင်းရင်းဆေးပညာနှင့်ပတ်သက်သော ဗဟုသုတ၊ သဘောထားနှင့် ယုံကြည်လက်ခံ သုံးစွဲမှုကို ဆန်းစစ်လေ့လာရန်နှင့် လူမှုစီးပွားရေးအခြေအနေအလိုက် တိုင်းရင်းဆေးအပေါ် ယုံကြည်မှု၊ ကျေနပ်မှုတို့ကို လေ့လာရန်၊ ပြည်သူလူထုကို အခြေခံသော သုတေသနတစ်ခုကို ၂၀၀၇ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ ပြည်နယ်နှင့်အသီးသီးကို အလွှာလိုက်မဲချပြီး မဲကျသော/ မြို့/ ရွာမှအိမ်ထောင်ဦးစီး (၃၆၀၀) ကို မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းစစ်တမ်း ကောက်ယူခဲ့ပါသည်။ ဖြေဆိုသူများ၏ (၅၁.၄ %)မှာ အမျိုးသားများ ဖြစ်ပါသည်။ ဖြေဆိုသူတို့၏ တစ်ဝက်နီးပါးမှာ အသက် (၄၀) မှ (၆၀) ကြားဖြစ်ပါသည်။ ဖြေဆိုသူတို့၏ (၉၀%) ခန့်မှာ အိမ်ထောင်ရှင်များဖြစ်ပြီး (၉၄%) ခန့်မှာ စာတတ်မြောက်ကြပါသည်။ ဖြေဆိုသူတို့၏ (၇၅.၅%) ခန့်မှာအနီးဆုံးတိုင်းရင်းဆေးကုဌာနသို့ သွားရောက်ရန် (၁)နာရီ ခရီးအတွင်း နေထိုင်ကြသဖြင့် လက်လှမ်းမီမှု ကောင်းကြောင်းတွေ့ရသည်။ ဖြေဆိုသူတို့၏ (၅၈.၅ %) မှာတိုင်းရင်းဆေးကို အမြဲသုံးလေ့ရှိသည်။ သို့ရာတွင် (၂၂.၅%) မှာ တိုင်းရင်းဆေးဆိုတာဘာလဲဟု သေသေချာချာ အသိပါ။ ဖြေဆိုသူတို့၏ (၆၅.၃%) သည် တိုင်းရင်းဆေးအကြောင်းကို ဆွေမျိုးများထံမှ သိရှိပြီး (၂၆.၉%) သည် မီဒီယာမှ (၂၂.၂%) သည်မိတ်ဆွေများထံမှ၊ (၁၄.၂%) သည် ကိုယ်တိုင်လေ့လာ၍ သိရှိခဲ့သည်ဟု ဖြေဆိုသည်။ အားလုံး၏ (၉၉.၃%) က တိုင်းရင်းဆေးကို ယုံကြည်ကိုးစားသည်။ တိုင်းရင်းဆေးကို ဖာသာသုံးစွဲမှု၌ အမျိုးသမီးများ၊ အသက်ကြီးသူများ၊ တိုင်းရင်းဆေးခန်းနှင့် ဝေးသူများ၊ အတန်းပညာနိမ့်သူများနှင့် ဆင်းရဲသားများ ပိုမိုများပြားကြောင်း တွေ့ရသည်။ အားလုံးက ၎င်းတို့တွင် ဖြစ်ပွားသော ရောဂါများကို တိုင်းရင်းဆေးကသက်သာပျောက်ကင်းစေလိမ့်မည်ဟု ယုံကြည်ကြသည်။ တိုင်းရင်းဆေးကိုသုံးစွဲကြခြင်း၏ အဓိကအကြောင်းအရင်းများမှာ ယုံကြည်မှု

(၅၈.၉%)၊ အစဉ်အလာအရ (၃၁.၇%) ၊ သူများအကြံပြု၍ (၁၃.၄%) ၊ ဈေးချို၍ (၇.၃%) ၊ အခြား ဆေးနှင့်မပျောက်၍ (၃.၄%) ဖြစ်ကြောင်းတွေ့ရသည်။ ဖြေဆိုသူအားလုံး၏ (၄၄.၄%) မှာ တိုင်းရင်းဆေးကို မွေးကတည်းက သုံးလာကြပြီး (၅၀.၄ %) မှာ နှစ်ပေါင်းများစွာ သုံးစွဲခဲ့ကြပြီး ဖြစ်သည်။ သုံးစွဲသူများ၏ (၉၀%) ခန့်မှာ တိုင်းရင်းဆေးကို များစွာကျေနပ်မှုရကြောင်း ဖြေဆို ကြသည်။ ထိုသို့ ကျေနပ်သူအများစု အမျိုးသားများ၊ အသက်(၆၀ )ကျော်သူများနှင့် ဝင်ငွေကောင်းသူများဖြစ်ကြောင်းတွေ့ရသည်။ ဖြေဆိုသူများ၏ (၇၆.၇ % )သည် တိုင်းရင်းဆေးများကို အိမ်တွင် အဆင်သင့်ထားရှိလေ့ရှိသည်။ ဖြေဆိုသူအများစုသည် တိုင်းရင်းဆေးကို မှန်ကန်စွာသုံးစွဲတတ်ကြသည်။ ဖြေဆိုသူများ၏ (၉၆.၀%) ကတိုင်းရင်းဆေးများကို ယခုထက်ပိုမိုကောင်းမွန်အောင် ထုတ်လုပ်ပြီး သုံးစွဲသင့်သည်ဟု အကြံပြုသည်။ ဤစာတမ်းကို ပြုစုသူ သုတေသီများအနေဖြင့် ဤသုတေသနမျိုးကို ပိုမိုကောင်းမွန်စွာ တည်ဆောက်ထားသော မေးခွန်းလွှာများကို အသုံးပြုပြီး ယခု ထက်ပိုမိုကျယ်ပြန့်စွာ သုတေသနပြုသင့်ကြောင်းနှင့် အရည်အသွေးပိုင်းဆိုင်ရာ သုတေသန အဖြစ် တိုင်းရင်းဆေးအပေါ် ခံယူစွဲမက်ပုံ၊ ယုံကြည်ချက်နှင့် ထင်မြင်ယူဆချက်များကို အသေးစိတ် နက်နက်ရှိုင်းရှိုင်း ထပ်မံသုတေသန ပြုသင့်ကြောင်း အကြံပြုပါသည်။